အမျိုးသားပင်စင်စနစ်သည် သင့်အနေဖြင့် အာမခံထားရှိသူ၏ အမျိုးအစား ပြောင်းလဲမှုတစ်စုံတစ်ရာ ရှိသည့်အခါတိုင်းနှင့် အခါအားလျော်စွာ အကြောင်းကြားစာ ဖောင်များကို သက်ဆိုင်ရာရုံးသို့ ပေးပို့ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ကွန်ပျူတာမှတ်တမ်းအရ သင်၏ အမျိုးသားပင်စင်ခံစားခွင့်မှတ်တမ်းသည် ဂျပန်သို့ သင်ရောက်လာပြီး နေရပ်လိပ်စာကို စာရင်းသွင်းရာတွင် သေချာစွာ မှတ်ပုံတင်ထားခြင်းမရှိခြင်း (သို့) ပျောက်ဆုံးသွားခြင်းများ ဖြစ်ပုံရပါသည်။ ၎င်းမှာ ထိုသို့ မှတ်ပုံတင် အကြောင်းကြားတင်ပြမှု မအောင်မြင်ခြင်း (သို့) သင် ကုမ္ပဏီမှ နုတ်ထွက်ပြီးနောက်တွင် တင်ပြခြင်း မပြုလုပ်ရသေးခြင်းကြောင့် ဖြစ်နိုင်ပါသည်။ အကယ်၍ သင်သည် အကြောင်းကြားစာ ဖောင်များကို သေချာစွာ တင်ပြခြင်းမရှိပါက နောက်ဆုံးတွင် သင်အမှန်တကယ် လိုအပ်လာသည့်အခါ သက်ကြီးပင်စင် (သို့) မသန်စွမ်းပင်စင်တို့ကို သင်ရရှိမည် မဟုတ်ပါ။ ကျေးဇူးပြု၍ သင့်လျော်သော အကြောင်းကြားစာ ဖောင်များကို သက်ဆိုင်ရာရုံးများသို့ အောက်ဖော်ပြပါအတိုင်း ပေးပို့ပါ။
သင့်အနေဖြင့် မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများကို တရားဝင် လျှောက်ထားပြီးသည့်တိုင် လိုအပ်သော အကြောင်းကြားစာ ဖောင်များကို တင်သွင်းခြင်း မပြီးသေးသော်လည်း ကျွန်ုပ်တို့အနေဖြင့် အမျိုးသားပင်စင်ထည့်ဝင်ငွေတောင်းခံလွှာကို ပေးပို့နိုင်သည်ကို ကျေးဇူးပြု၍ မှတ်သားထားပေးပါ။

## သင်၏ ပင်စင်ခံစားခွင့်မှတ်တမ်းကို သေချာစေရန် အကြောင်းကြားစာဖောင်များကို ဖြည့်စွက်ရန် လိုအပ်ပါသည်

ကျွန်ုပ်တို့၏ ကွန်ပျူတာမှတ်တမ်းအရ အောက်ဖော်ပြပါ အမည်ဖြင့် သင် (သို့မဟုတ် သင့်အိမ်ထောင်ဖက်) သည် ဤစာရွက်၏နောက်ကျောတွင် ဖော်ပြထားသော ကိစ္စများအနက်

[ ] တွင် ကျရောက်သောကြောင့်

ပြောင်းလဲမှုတိုင်းအတွက် သတင်းပို့ရန် လိုအပ်ပါသည်။
သင်၏ ခံစားခွင့်မှတ်တမ်း သေချာမှု ရှိစေရန်၊ သင်၏ ခံစားခွင့်ကာလ လိုနေခြင်း/ကျန်ခဲ့ခြင်းများ မရှိစေရန် အောက်ဖော်ပြပါအတိုင်း သက်ဆိုင်ရာ ရုံးများတွင် သင့်လျော်သော အကြောင်းကြားစာ ဖောင်များကို တင်ပြရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းလိုပါသည်။

### ◆ သင်သည် မည်သည့် အာမခံထားရှိသူအမျိုးအစားထဲတွင် ပါဝင်/ပါဝင်ခဲ့ပါသနည်း။

ဤစာရွက်၏ နောက်ကျောဘက်ရှိ "အမျိုးသားပင်စင်အာမခံထားရှိသူ အမျိုးအစားများ" ကို ဖတ်ရှုမှီငြမ်းပါ။

### ◆ မည်သည့် အကြောင်းကြားစာ ဖောင်များကို မည်သည့်နေရာများတွင် တင်သွင်းရန် လိုအပ်ပါသနည်း။

(a) အကယ်၍ သင် (သို့မဟုတ် သင့်အိမ်ထောင်ဖက်)သည် အမျိုးအစား (၁) အာမခံထားရှိသူနှင့် သက်ဆိုင်သော ဖောင်ကို ဖြည့်ရန်လိုအပ်လျှင် ကျေးဇူးပြု၍ ပူးတွဲပါသည့် "အမျိုးသားပင်စင်အာမခံထားရှိသူ၏ အကြောင်းကြားစာ ဖောင်" (KOKUMIN NENKIN HIHOKENSHA KANKEI TODOKESHO) ကို ဖြည့်စွက်ပြီး သင်၏ မြို့တော်ခန်းမသို့ သွားရောက်တင်သွင်းပါ။ ပူးတွဲပါ "ဖောင် ဖြည့်နည်း" ကို ကိုးကားပါ။

မှတ်ချက်။ သင်သည် သင်၏ "My Number" (ဂျပန်ရှိ သင့်ကိုယ်ပိုင်နံပါတ်) ပါဝင်သည့် ဖောင်တင်လျှင် သင်၏နံပါတ်နှင့် အိုင်ဒီကို အတည်ပြုနိုင်သည့် စာရွက်စာတမ်းများကို တင်ရန် လိုအပ်ပါသည်- အသေးစိတ်အတွက် ဤစာရွက်၏ နောက်ကျောကို ကြည့်ပါ။

(b) အကယ်၍ သင် (သို့မဟုတ် သင့်အိမ်ထောင်ဖက်)သည် အမျိုးအစား (3) အာမခံထားရှိသူနှင့် သက်ဆိုင်သော ဖောင်ကို ဖြည့်ရန်လိုအပ်လျှင် ကျေးဇူးပြု၍ "အမျိုးသားပင်စင် အမျိုးအစား (3) အာမခံထားရှိသူ၏ အကြောင်းကြားစာ ဖောင်" (KOKUMIN NENKIN DAISANGO(3号) HIHOKENSHA KANKEI TODOKE) ကို ဖြည့်စွက်ပြီး အမျိုးအစား (2) အာမခံထားရှိသူ ဖြစ်သည့် သင့်အိမ်ထောင်ဖက်၏ လုပ်ငန်းခွင်မှ တဆင့် ဂျပန်ပင်စင်ဝန်ဆောင်မှု ဌာနခွဲသို့ တင်ပြပါ။ ဖောင်ကို လုပ်ငန်းခွင် (သို့မဟုတ်) JPS ဂျပန်ပင်စင်ဝန်ဆောင်မှု ဌာနခွဲ၌ တောင်းခံနိုင်ပါသည်၊ သို့မဟုတ် JPS ၏ ဝက်ဘ်ဆိုက်စာမျက်နှာ https://www.nenkin.go.jp/ မှ ကူးယူနိုင်ပါသည်။

မှတ်ချက်။ သင် အကြောင်းကြားစာ ဖောင်ကို ဖြည့်စွက်သည့်အခါ ကျေးဇူးပြု၍ ဖောင်၏နောက်ကျောကို သေချာစွာ ဖတ်ရှုပါ။ ကျေးဇူးပြု၍ သိရှိလိုသည်များရှိပါက JPS ဌာနခွဲကို မေးမြန်းနိုင်ပါသည်။

ကျေးဇူးပြု၍ ဤစာကို သင်နှင့်အတူ သိမ်းဆည်းထားပေးပါ။ သင်လိုအပ်သော လုပ်ထုံးလုပ်နည်းများ ပြုလုပ်သည့်အခါ အရေးကြီးပါသည်။
အကယ်၍ သင်သည် ဤစာကို လက်ခံရရှိခြင်းမရှိခင်က ဖောင်များကို တင်သွင်းခဲ့ပါက ဤစာကို လျစ်လျူရှုပါ။

### သင်/ သင့်အိမ်ထောင်ဖက် ၏ သတင်းအချက်အလက်များ

အကြောင်းကြားစာ ဖောင်တင်ရန် လိုအပ်သော သင့် အချက်အလက်များ

| | |
|---|---|
| အခြေခံပင်စင်နံပါတ် | |
| အမည် | |

အမျိုးအစား (2) အာမခံထားရှိသူအဖြစ် သင်၏ ခံစားခွင့်မှတ်တမ်း

| | |
|---|---|
| ပြည်သူ့ပင်စင်စနစ်အမျိုးအစား | |
| ခံစားခွင့် ကုန်ဆုံးသည့် ရက် (ကုမ္ပဏီမှ အလုပ်ထွက်ခြင်း) | |
| ပြည်သူ့ပင်စင်စနစ်အမျိုးအစား | |
| ခံစားခွင့် စတင်သည့် ရက်<br>(ကုမ္ပဏီမှ အလုပ်ခန့်အပ်ခြင်း) | |

သင့် အိမ်ထောင်ဖက်၏ အချက်အလက်များ

| | |
|---|---|
| အခြေခံပင်စင်နံပါတ် | |
| အမည် | |
| မွေးနေ့ | |
| ပင်စင်စနစ်အမျိုးအစား | |

ကျေးဇူးပြု၍ သိရှိလိုသည်များကို အောက်ပါ JPS ဌာနခွဲသို့ ဆက်သွယ် မေးမြန်းပါ။

| |
|---|
| |

## အောက်ပါကိစ္စများတွင် အမျိုးသားပင်စင် အကြောင်းကြားစာဖောင်ကို ဖြည့်ရန်လိုအပ်ပါသည်။

**(1)「第 1 号･ 第 3 号被保険者資格取得勧奨」 အမျိုးအစား (1) သို့မဟုတ် အမျိုးအစား (3) အာမခံထားရှိသူအဖြစ် မှတ်ပုံတင်ခြင်း**

အကယ်၍ သင်သည် ကုမ္ပဏီဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်းအဖြစ်မှ နှုတ်ထွက်လျှင် ဆိုလိုသည်မှာ အမျိုးအစား (2) အာမခံထားရှိခြင်းကို အဆုံးသတ်လျှင် သင်၏ အမျိုးအစား (1) သို့မဟုတ် အမျိုးအစား (3) အဖြစ်သို့ ပြောင်းလဲခြင်းကို အကြောင်းကြားရန် လိုအပ်ပါသည်။

**(2)「第 1 号被保険者該当勧奨」 အမျိုးအစား (1) အာမခံထားရှိသူအဖြစ် မှတ်ပုံတင်ခြင်း**

① အကယ်၍ သင်သည် အမျိုးအစား (2) အာမခံထားရှိသူတစ်ဦး ဆိုလိုသည်မှာ ကုမ္ပဏီဝန်ထမ်းတစ်ဦး သို့မဟုတ် အစိုးရဝန်ထမ်းတစ်ဦး၏ မှီခိုအိမ်ထောင်ဖက်ဖြစ်ပြီး သင့်အိမ်ထောင်ဖက် အလုပ်မှ နှုတ်ထွက်လိုက်သည့်အခါတွင် အမျိုးအစား (3) မှ အမျိုးအစား (1) သို့ ပြောင်းလဲခြင်းကို သင်အကြောင်းကြားရန် လိုအပ်ပါသည်။

② အကယ်၍ သင်သည် အမျိုးအစား (2) အာမခံထားရှိသူတစ်ဦး ဆိုလိုသည်မှာ ကုမ္ပဏီဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်းတစ်ဦး၏ မှီခိုအိမ်ထောင်ဖက်တစ်ဦးဖြစ်ပြီး သင့်တွင် ဝင်ငွေအချို့ရှိလျှင် ဆိုလိုသည်မှာ သင်သည် မှီခိုတစ်ဦး မဟုတ်တော့လျှင် သင်၏ အမျိုးအစား (3) မှ အမျိုးအစား (1) သို့ ပြောင်းလဲခြင်းကို အကြောင်းကြားရန် လိုအပ်ပါသည်။

③ အကယ်၍ သင်သည် အမျိုးအစား (2) အာမခံထားရှိသူတစ်ဦး ဆိုလိုသည်မှာ ကုမ္ပဏီဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်းတစ်ဦး၏ မှီခိုအိမ်ထောင်ဖက်တစ်ဦးဖြစ်ပြီး သင်၏ အသက် 65 နှစ်နှင့် အထက်ရှိသော အိမ်ထောင်ဖက်မှာ သက်ကြီးပင်စင်ခံစားခွင့်များ ရှိနေပါက သင်၏ အမျိုးအစား (3) မှ အမျိုးအစား (1) သို့ ပြောင်းလဲခြင်းကို အကြောင်းကြားရန် လိုအပ်ပါသည်။

④ ဝန်ထမ်းများ၏ ပင်စင်အာမခံစနစ် (EPI) အောက်တွင် အကျိုးခံစားခွင့်သည် အာမခံထားရှိသူ အသက် 70 ပြည့်သည့်အချိန်တွင် ကုန်ဆုံးပါသည် (သူ/သူမသည် အသက် 65 နှစ်နှင့် အထက်ဖြစ်ပြီး သက်ကြီးပင်စင်ရရှိသည့် ကိစ္စမှ လွဲ၍)။ အကယ်၍ သင်သည် EPI အာမခံထားရှိသူ၏ မှီခိုအိမ်ထောင်ဖက်တစ်ဦး ဖြစ်ပြီး သင်၏ အိမ်ထောင်ဖက် အသက် 70 ပြည့်သည့်အခါ ဆိုလိုသည်မှာ EPI ခံစားခွင့် ကုန်ဆုံးပြီး အမျိုးအစား (2) တွင် မပါဝင်တော့သည့်အခါတွင် သင်၏ အမျိုးအစား (3) မှ အမျိုးအစား (1) သို့ ပြောင်းလဲခြင်းကို အကြောင်းကြားရန် လိုအပ်ပါသည်။

**(3)「未加入期間国民年金適用勧奨」 အမျိုးသားပင်စင်အောက်ရှိ လွန်ခဲ့သော အာမခံမရှိခဲ့သည့် ကာလအတွက် နောက်ကြောင်းပြန် မှတ်ပုံတင်ခြင်း**

အကယ်၍ သင်သည် ယခင်က အလုပ်ပြောင်းခဲ့ပြီး ကုမ္ပဏီအမျိုးမျိုးတွင် အလုပ်ဝင်ခဲ့လျှင် အလုပ်တစ်ခုနှင့် တစ်ခုကြားတွင် အာမခံမရှိသော ကာလများ ရှိနိုင်သည်။ ခံစားခွင့် ကွာခြားချက်ကို ဖြည့်ရန် သင်သည် အမျိုးအစား (1) သို့မဟုတ် အမျိုးအစား (3) အာမခံထားရှိသူအဖြစ် နောက်ကြောင်းပြန် အကြောင်းကြားရန် လိုအပ်ပါသည်။

**(4)「20 歳国民年金適用勧奨」 အသက် 20 အရွယ်တွင် အမျိုးသားပင်စင်စနစ်သို့ မှတ်ပုံတင်ခြင်း**

သင်အသက် 20 ပြည့်သည့်အချိန်တွင် အမျိုးအစား (2) အာမခံထားရှိသူ ဆိုလိုသည်မှာ ကုမ္ပဏီဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်းတစ်ဦး မဟုတ်ပါက သင်သည် အမျိုးအစား (1) သို့မဟုတ် အမျိုးအစား (3) အာမခံထားရှိသူအဖြစ် အကြောင်းကြားရန် လိုအပ်ပါသည်။

**(5) 「34 歳等国民年金適用勧奨」 လွန်ခဲ့သော အာမခံမရှိခဲ့သည့်ကာလကို ဖြည့်စွက်ရန် နောက်ကြောင်းပြန် မှတ်ပုံတင်ခြင်း- အသက် 34 နှစ်အရွယ်တွင် အထူးသတိပေးချက် စသည်ဖြင့်။**

သင်သည် ဂျပန်သို့ ရောက်ရှိပြီး ဂျပန်နိုင်ငံရှိ နေရပ်လိပ်စာကို မှတ်ပုံတင်ရာတွင် အမျိုးသားပင်စင်စနစ်သို့ စာရင်းသွင်းပြီး အကြောင်းကြားရန် လိုအပ်ပါသည်။ စာရင်းပေးသွင်းခြင်း မရှိပါက ထိုကာလများအတွက် အာမခံမရှိပါ။ အထူးသဖြင့် အသက် 34၊ 44 နှင့် 54 နှစ် ပြည့်သည့်နှစ်များတွင် သင့်အနေဖြင့် နောက်ကြောင်းပြန် အကြောင်းကြားရန် ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

**(6)「第 3 号被保険者種別確認勧奨」 အမျိုးအစား (3) အာမခံထားရှိသူအဖြစ် အမျိုးအစား အတည်ပြုခြင်း**

အကယ်၍ သင်သည် အမျိုးအစား (3) အာမခံထားရှိသူ ဖြစ်လျှင် သင်၏ အိမ်ထောင်ဖက် (အမျိုးအစား (2) အာမခံထားရှိသူ) အလုပ်ပြောင်းသည့် အကြိမ်တိုင်း သို့မဟုတ် ပင်စင်အာမခံစနစ်များ ပြောင်းလဲသွားသည့် အခြားကုမ္ပဏီသို့ ပြောင်းရွှေ့ရတိုင်းတွင် အကြောင်းကြားရန် လိုအပ်ပါသည်။

**(7)「第 3 号被保険者該当勧奨」 အမျိုးအစား (3) အာမခံထားရှိသူအဖြစ် မှတ်ပုံတင်ခြင်း**

အကယ်၍ သင်သည် အမျိုးအစား (2) အာမခံထားရှိသူ၏ မှီခိုအိမ်ထောင်ဖက်တစ်ဦး ဖြစ်လျှင် သင်သည် အမျိုးအစား (3) အာမခံထားရှိသူအဖြစ် အကြောင်းကြားရန် လိုအပ်ပါသည်။

မှတ်ချက်။ အကယ်၍ သင့်တွင် ဂျပန်နိုင်ငံနှင့် နိုင်ငံတကာလူမှုဖူလုံရေးသဘောတူညီချက် စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံမှ ထုတ်ပေးထားသည့် ခံစားခွင့်လက်မှတ် တစ်ခုရှိနေလျှင် သင့်အား အမျိုးသားပင်စင်စနစ်မှ ထုတ်ပယ်လိုက်နိုင်သည်။ ကျေးဇူးပြု၍ JPS ရုံးခွဲကို ဆက်သွယ်ပေးပါ။ နိုင်ငံတကာ လူမှုဖူလုံရေး သဘောတူညီချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပိုမို သိရှိလိုပါက ကျေးဇူးပြု၍ https://www.nenkin.go.jp/service/kaigaikyoju/shaho-kyotei/kyotei-gaiyou/20141125.html တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။

### အမျိုးသားပင်စင်အာမခံထားရှိသူ အမျိုးအစားများ

| | |
|---|---|
| **အမျိုးအစား 1 အာမခံထားရှိသူများ** | အသက် 20 နှင့် အသက် 60 ကြား စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေး လုပ်သားများ၊ ကိုယ်ပိုင် လုပ်ငန်းရှင်များ၊ အလုပ်လက်မဲ့များ၊ ကျောင်းသားများ စသည်ဖြင့်။<br>[ဤအမျိုးအစားတွင် ပါဝင်သည့် သူများသည် မိမိကိုယ်တိုင် ထည့်ဝင်ငွေများကို ပေးရန် လိုအပ်ပါသည်] |
| **အမျိုးအစား 2 အာမခံထားရှိသူများ** | ကုမ္ပဏီဝန်ထမ်းများနှင့် အလုပ်သမားများ ပင်စင်အာမခံစနစ်မှ အာမခံပေးထားသည့်သူများ သို့မဟုတ် အပြန်အလှန်ထောက်ပံ့ကူညီရေးအသင်း (Mutual Aid Association) ၏ အသင်းဝင်များ (အခြေခံ သက်ကြီးပင်စင်၊ EPI စနစ်အောက်ရှိ ပင်စင်၊ အငြိမ်းစား အပြန်အလှန် ထောက်ပံ့ကူညီခြင်း ပင်စင်တို့ ရရှိနိုင်သည့် အသက် 65 နှစ် နှင့်အထက် ရှိသူများမှ အပ)<br>[ဤအမျိုးအစားတွင် ပါဝင်သည့် သူများသည် သူတို့၏ EPI ထည့်ဝင်ငွေများကို ၎င်းတို့၏ လစာထဲမှ နုတ်သွားမည်] |
| **အမျိုးအစား 3 အာမခံထားရှိသူများ** | အမျိုးအစား (2) အာမခံထားရှိသူများ၏ အသက် 20 နှင့် အသက် 60 ကြားရှိသော မှီခိုအိမ်ထောင်ဖက်များ<br>[ဤအမျိုးအစားတွင် ပါဝင်သည့် သူများသည် မိမိကိုယ်တိုင် ထည့်ဝင်ငွေများကို ပေးရန် မလိုပါ] |

**သင်၏ ခံစားခွင့်ပမာဏကို တိုးမြှင့်ပေးရန် ““အပိုဆောင်းပင်စင်အစီအစဉ်”**

အကယ်၍ သင်သည် သင်၏ ပုံမှန်ထည့်ဝင်ငွေအပြင် တစ်လလျှင် အပို ဂျပန်ယန်း 400 ပေးသွင်းပါက အနာဂတ်တွင် သင်၏ အခြေခံ သက်ကြီးပင်စင်အပြင် ထပ်တိုးပင်စင်ငွေကို ရရှိနိုင်ပါသည်။ အပိုထပ်ဆောင်း ခံစားခွင့် ပမာဏကို သင်အပိုငွေထည့်သွင်းသည့် လအရေအတွက်နှင့် ယန်း 200 ကို မြှောက်ခြင်းဖြင့် တွက်ချက်ပေးပါသည်။ သင် အပိုဆောင်းပင်စင်ခံစားခွင့်ကို ၂ နှစ်နှင့် အထက် ရရှိပါက သင်ပေးသွင်းခဲ့သော ငွေပမာဏအားလုံးကို ပြန်လည် ထုတ်ယူနိုင်ပါသည်။

* ဤအစီအစဉ်အတွက် လျှောက်လွှာတင်ရန် လိုအပ်ပါသည်။ အပိုထည့်ဝင်ငွေကို လျှောက်လွှာတင်သည့်လတွင် စတင်ပေးသွင်းရမည် ဖြစ်သည်။ အသေးစိတ်အတွက် ကျေးဇူးပြု၍ JPS ရုံးခွဲကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**[သင်၏ “My Number” (ဂျပန်ရှိ သင့်ကိုယ်ပိုင်နံပါတ်) အသုံးပြု၍ “အမျိုးသားပင်စင်အာမခံထားရှိသူ၏ အကြောင်းကြားစာ ဖောင် (KOKUMIN NENKIN HIHOKENSHA KANKEI TODOKESHO)” တင်သည့်အခါ ပြသရန် လိုအပ်သော စာရွက်စာတမ်း]**

သင်၏ မြို့တော်စည်ပင်သာယာရေးရုံးတွင် My Number ပါဝင်သည့် ဖောင်တင်လျှင် သင်၏ My Number ကတ်ကို ပြသရန် လိုအပ်ပါသည်။ အကယ်၍ သင့်တွင် ကတ်မရှိလျှင် အောက်ပါအမှတ်စဉ် (1) နှင့် (2) တစ်ခုစီတွင် ရှင်းပြထားသည့် စာရွက်စာတမ်းတစ်ခုကို ပြသရပါမည်—

အကယ်၍ သင်၏ ဖောင်ပုံစံများကို စာတိုက်မှ ပေးပို့ပါက သင် My Number ကတ်၏ နှစ်ဖက်စလုံးကို မိတ္တူကူး၍ ပူးတွဲပေးပို့ရပါမည်။ အကယ်၍ သင့်တွင် ကတ်မရှိလျှင် အောက်ပါအမှတ်စဉ် (1) နှင့် (2) တစ်ခုစီတွင် ရှင်းပြထားသည့် စာရွက်စာတမ်းများ၏ မိတ္တူကို ပူးတွဲပေးပို့ရပါမည်—

(1) သင်၏ My Number အစစ်အမှန်ဖြစ်ကြောင်း သက်သေပြနိုင်ရန်၊ သင်၏ My Number ကိုဖော်ပြသော သင်၏ နေထိုင်ခွင့်မှတ်ပုံတင် မိတ္တူ (သို့) (သင်၏ My Number အသိပေး အကြောင်းကြားစာ(အကယ်၍ နေထိုင်ခွင့်မှတ်ပုံတင်တွင် မှတ်တမ်းတင်ထားသည့် အမည်နှင့်လိပ်စာ တူလျှင်)

(2) ဤ နံပါတ်ပိုင်ရှင် အစစ်အမှန်ဖြစ်ကြောင်း သက်သေပြနိုင်ရန် သင်၏ ယာဉ်မောင်းလိုင်စင် (သို့) နိုင်ငံကူးလက်မှတ် (သို့) နေထိုင်ခွင့်ကဒ်ပြား (သို့) အခြားသက်သေခံ အထောက်အထားစာရွက်များ (အသေးစိတ်အတွက် ကျေးဇူးပြု၍ JPS ရုံးခွဲကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။)